## ဒေါင်းမြီးပျံ

Scientific name - *Leptochloa chinensis* L. Nees, 1824

Common name - Chinese sprangletop

Family - Poaceae








အပင်ပုံသဏ္ဍာန်

တစ်နှစ်ခံပင်ပျော့မျိုး သို့မဟုတ် သက်တမ်းတိုနှစ်ရှည်ခံမြက်မျိုးဖြစ်ပြီး ပြောင်ချောသော အရွက်နှင့် မြစ်မွှာများ ပါရှိသည်။ ပန်းပွင့်နေသောပင်စည်သည် ထောင်မတ်၍ပေါက်ပြီး တစ်ခါတစ်ရံ မြေလျှောက်ပင်စည်ဖြင့် မျိုးပွားပြီး ၀.၃ - ၁.၂ မီတာခန့် မြင့်သည်။ အရွက်သေးရှည်ပြီး ပါးလွှာသည်။ အပေါ်မျက်နှာပြင်ကြမ်း၍ တစ်ခါတစ်ရံ ခရမ်းရောင် သို့မဟုတ် အနီရောင်သန်းသည်။ ပန်းခိုင်သည် ကိုင်းဖြာပန်းခိုင်ဖြစ်ပြီး ဒေါင်းမြီးကဲ့သို့ဖြာ၍ရှည်သည်။ ၁၅ - ၆၀ စင်တီမီတာရှည်ပြီး သေးသွယ်၍ ပျော့ပျောင်းသည်။ ပွင့်ကိုင်းများစွာ ဖြာထွက်ပြီး ထပ်ဆင့်ပန်းခိုင်တစ်ခုစီတွင် ပန်းပွင့် ၃ - ၇ ပွင့်ရှိပြီး ပန်းပွင့်ရိုးတံပါရှိသည်။ အစိမ်းနုရောင် သို့မဟုတ် ခရမ်းရောင်သန်းသည်။ အစေ့နှင့် အပင်ပိုင်းပြတ်အားဖြင့် မျိုးပွားသည်။